**လိုင်စင်လာရောက်ထုတ်ယူခြင်းမရှိသဖြင့် သက်တမ်းလွန်နေသည့်**
**အထက်တန်းရှေ့နေလိုင်စင်များအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးကြောင်း ကြေညာချက်**

၁။ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနသည် အထက်တန်းရှေ့နေ လိုင်စင်လျှောက်ထားသူများအား စိစစ်၍ ခွင့်ပြုချက်အရ လိုင်စင်များ ထုတ်ပေးလျှက်ရှိရာ လိုင်စင်ထုတ်ပေးရန် အသင့်ဖြစ်သော်လည်း (၂၉-၅-၂၀၂၀) ရက်နေ့မှ (၅-၄-၂၀၂၃) ရက်နေ့အထိ လာရောက်ထုတ်ယူခြင်းမရှိသည့် (၇၃) ဦးတို့စာရင်းကို ၃၀-၈-၂၀၂၃ ရက်နေ့ Website ကြေညာချက်ဖြင့် ထပ်မံကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ **၁၉၅၅ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများ ၊နည်းဥပဒေ (၂၁)တွင် "တစ်ဆက်တည်း (၃)နှစ် ကာလအပိုင်းအခြားအတွင်း အမှန်စင်စစ်ရှေ့နေလိုက်ခြင်းမရှိသော သို့မဟုတ် မိမိ၏သက်သေခံလက်မှတ်ကို အသစ်လဲလှယ်ရန် ပျက်ကွက်သောရှေ့နေသည် မိမိ၏သက်သေခံလက်မှတ်အသစ် လဲလှယ်နိုင်ခွင့်ဆုံးရှုံးခြင်းနှင့် ရှေ့နေမှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်းတို့ကို ခံထိုက်စေရမည်" ဟု ပြဌာန်းထားပါသည်။**

၃။ အပိုဒ်(၁)ပါသူများအနက်မှ အောက်အမည်ဖော်ပြထားသူ အထက်တန်းရှေ့နေ (၆)ဦးတို့၏ လိုင်စင်သည် ၂၀၂၀ ခုနှစ် နှစ်ကုန်ဆုံးသည်ထိသာ လိုက်ပါခွင့်သက်တမ်း ပါရှိပါသည်။ သို့ဖြစ်၍ တစ်ဆက်တည်း (၃)နှစ် ကာလ အပိုင်းအခြားအတွင်း လိုင်စင်သက်တမ်းတိုးရန် ပျက်ကွက်နေသူများ ဖြစ်ပါ၍ ၎င်းတို့၏ အထက်တန်းရှေ့နေ လိုင်စင်များကို နည်းဥပဒေ ၂၁ အရ မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

## အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုပြီးသူများမှ လိုင်စင်မူရင်းလာရောက် ထုတ်ယူခြင်းမရှိ၍ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးသော အထက်တန်းရှေ့နေများစာရင်း

| စဉ် | အမည်<br>လိုင်စင်အမှတ် | နေရပ် | လိုင်စင်ထုတ်ပေးသည့်နေ့ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒေါ်စုမွန်ကြည်<br>စဉ် ၅၂၉၀၀ | အလုံမြို့နယ် | ၂၉-၅-၂၀၂၀ | |
| ၂ | ဒေါ်နန်းခမ်းလှိုင်း<br>စဉ် ၅၂၉၃၅ | ချမ်းအေးသာစံမြို့နယ် | ၂၉-၅-၂၀၂၀ | |
| ၃ | ဦးရှိုင်းမင်းကို<br>စဉ် ၅၂၉၉၀ | ချမ်းမြသာစည်မြို့နယ် | ၂၉-၅-၂၀၂၀ | |
| ၄ | ဦးသီဟဟန်<br>စဉ် ၅၃၀၁၂ | စမ်းချောင်းမြို့နယ် | ၂၉-၅-၂၀၂၀ | |
| ၅ | ဒေါ်ဝါဝါလှဖုန်း<br>စဉ် ၅၃၁၇၂ | ကြည့်မြင်တိုင်မြို့နယ် | ၃၀-၆-၂၀၂၀ | |
| ၆ | ဦးသတိုး<br>စဉ် ၅၃၁၈၀ | ဗဟန်းမြို့နယ် | ၃၀-၆-၂၀၂၀ | |